**Anti-Racism Policy**

**Information for parents and carers**

# လူမျိုးရေး ခွဲခြားမှု ဆန့်ကျင် သည့် မူဝါဒ။

## မိဘ နှင့် အုပ် ထိန်းသူ များ အတွက် အကြောင်းအချက် အလက်များ။

လူမျိုးရေး ခွဲခြားမှု သည် ကျောင်းသားများ ၏ ကိုယ်စိတ် ကျန်းမာရေး၊ ကျောင်းစာ တွင် ပါ ဝင်သင်ယူ မှု များ ကို ထိ ခိုက် စေ နိုင်သည်။ လူမျိုး ရေး ခွဲခြား သည့် အမူ အယာ များ ကို NSW ပြည်နယ် အစိုး ရ ကျောင်း များ တွင် လုံး ဝ လက်မခံ ပါ။

## ဤ မူဝါဒ က ဘာ အတွက် လဲ။

Anti-Racism Policy (လူမျိုးရေး ခွဲခြားမှု ဆန့်ကျင် သည့် မူဝါဒ)သည် ကျောင်း ပတ်ဝန်းကျင် တွင် လေးစားမှု နှင့် သဟဇာတ ရှိ မှု ကို မြှင့်တင်ပေး သည်။ ၎င်း ရည်ရွယ် ချက် မှာ ကျောင်းသား အား လုံး အတွက်၊ မည် သည့် ယဉ်ကျေးမှု၊ ဘာသာစကား နှင့် ကိုးကွယ်သည့် ဘာသာ နောက်ခံမှလာ သည် ဖြစ်စေ၊ မျှတ တဲ့ အခွင့် အရေးရရှိ ဖို့ ဖြစ် ပါတယ်။ ၎င်း မူဝါဒ သည် --

- အဘိုရီဂျင်နီ လူမျိုး တို့ အပေါ် လူမျိုးရေး ခွဲခြား မှု ကြောင့် သက် ရောက် နိုင် သည့် ထိ ခိုက်မှု ကို အသိ အမှတ်ပြု သည်။
- ကျောင်းသား အားလုံး၊ ၎င်းတို့၊ မည် သည့် ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာ သို့မဟုတ် မတူညီ သည့် ဘာသာစကား နောက်ခံမှလာ သည် ဖြစ်စေ၊ အမြင့်ဆုံး စွမ်းရည် ကို ထုတ်ဖေါ်နိုင် ရန် မျှော်လင့်ချက် ပေး ထား သည်။
- ကျောင်းတွင်း ရှိ အယောက်တိုင်း မိမိ တို့ ၏ အမူ အယာ များ ကြောင့် အခြားသူ များ အနေ ဖြင့် လူမျိုးရေး ခွဲခြား မှု ခံစားချက် ပေး နိုင် သည် ကို စဉ်းစား ဆင် ခြင် ရန် လို အပ် သည်။
- ဝန်ထမ်း တိုင်း မိမိ တို့ တာ ဝန် နှင့် ဝတ္တရား များ ကို နားလည် ရန် သင်တန်း အပြည့် အစုံ တက်ရန် လို အပ် သည်။
- ကျောင်းတိုင်း သည် လည်း လူမျိုးရေး ခွဲခြားမှု ကို ဆန့်ကျင် သည့် ဆက်သွယ် ရေး အရာရှိ ခန့်ထား ရန် လိုအပ်သည်။

## လူမျိုးရေး ခွဲခြားမှု ဆန့်ကျင် သည့် ဆက်သွယ်ရေး အရာ ရှိ ဆို သည်မှာ ဘာလဲ။

လူမျိုးရေး ခွဲခြားမှု ဆန့်ကျင် သည့် ဆက်သွယ်ရေး အရာ ရှိ(Anti-Racism Contact Officer (ARCO)) သည် ကျောင်း အုပ် က ခန့် ထား သည့် ကျောင်း ဆရာ/မ ဖြစ်ပြီး၊ လူမျိုးရေး ခွဲခြားမှု ဆန့်ကျင် သည့် ပညာ ပေး ရေး ကို ကျောင်းမှ ဦး ဆောင် ရာ တွင် ထောက် ပံ့ပေး သူ ဖြစ် သည်။ ARCO သည် ကျောင်း အုပ် ကြီးကို ထောက်ပံ့ ပေး သည် များ မှာ --

- လူမျိုးရေးခွဲခြားမှု ကြောင့် ကျောင်းသားများ ၏ ပညာရေး၊ ကိုယ်စိတ်ကျန်းမာရေး အပေါ်၊ သက်ရောက် နိုင်သည့် တန်ပြန် ထိခိုက်မှု ကို ဝန်ထမ်းများ အား လုံး နားလည် သဘောပေါက် နိုင်အောင် တည်ဆောက် ပေးခြင်း၊
- လူမျိုးရေး ခွဲခြားသည့် ဖြစ်ရပ် များ ကြုံ တွေ့ ခဲ့ သော်၊ ကျောင်းသားများ နှင့် ဝန်ထမ်း များ ကို၊ မည် ကဲ့ သို့ တုန့်ပြန် ရမည် ကို အကြံပြုပေးခြင်း၊
- ကျောင်းတွင် အသုံးချသည့် နည်းဗျူဟာ များ ဖြင့် လူမျိုးရေး ခွဲခြားသည့် အဖြစ်များကို တိုက်ဖျက်နည်းများ အကြံပြုခြင်း၊

ARCO သည်၊ မိဘ များ အုပ်ထိန်းသူများ၊ ကျောင်းသားများ၊ ဆရာ/မ များ ကို လူမျိုးရေး ခွဲခြားမှု အဖြစ် များ နှင့် ပတ်သက် ၍ complaints (တိုင်ကြားမှုများ) ကို မည် ကဲ့သို့ ဖြေရှင်း ရမည် ကို အကြံပေး ရန် သင်တန်း ရရှိ ထား သည်။ ARCO ကို တောင်းဆို လျှင်၊ ၎င်း က တိုင်ကြားမှု များ ပေါ် မည်ကဲ့သို့ ဆောင်ရွက် ရမည် ကို support person or advocate (ထောက်ပံ့ ပေးသူ၊ ကူညီ ဖြေရှင်းပေး သူ) အဖြစ် ကူညီဆောင် ရွက် ပေး နိုင် သည်။

## ကျွန်ုပ် ရဲ့ ကလေး က ကျောင်းတွင် လူမျိုးရေး ခွဲခြား မှု ကို ကြုံတွေ့ နေ ရလျှင် မည် ကဲ့ သို့ ဆောင် ရွက် ရ မည် နည်း။

သင့် ကလေး က ကျောင်း တွင် လူမျိုးရေး ခွဲခြားမှု အဖြစ် ကြုံခဲ့လျှင်၊ ဆရာ/မ သို့မဟုတ်၊ လူမျိုးရေး ခွဲခြားမှု ဆန့်ကျင် သည့် ဆက်သွယ်ရေး အရာ ရှိ ကို တိုင် ကြား ဖို့ အား ပေး ပါ၊ သို့မဟုတ် မိမိ ကိုယ် တိုင် ကလေး ကိုယ် စား တိုင်ကြား နိုင်သည်။

## ကျောင်းတွင် လူမျိုး ရေး ခွဲခြားမှု အဖြစ် ကို ကျွန်ုပ် မည် ကဲ့ သို့ တိုင် ရ မည် နည်း။

မိဘ များ၊ အုပ်ထိန်းသူများ၊ ကျောင်းသားများ၊ ကျောင်း နှင့် သက်ဆိုင် သည့် မည်သူ မဆို၊လူမျိုးရေး ခွဲခြားမှု အဖြစ်ကို make a complaint (တိုင်ကြားခြင်း)ပြုလုပ်နိုင်သည်။ တိုင်ကြားခြင်းများ ကို၊ ကျောင်းအုပ်ကြီး၊ လူမျိုးရေး ခွဲခြားမှု ဆန့်ကျင် သည့် ဆက်သွယ်ရေး အရာ ရှိ သို့မဟုတ် မည် သည့် ကျောင်းဆရာ ကို မဆို တိုင် ကြား နိုင်သည်။ လူမျိုးရေး ခွဲခြားမှု နှင့် ပတ်သက် သည့် တိုင်ကြား မှု များကို School Community and Consumer Complaint Procedure (ကျောင်းများ နှင့် စားသုံးသူ များ လူမျိုးစု များ တိုင်ကြားခြင်း အစီအစဉ်)တွင် ရှင်းပြထား သည်။

## အွန်လိုင်း ပေါ်တွင် လူမျိုး ရေး ခွဲခြားမှု အဖြစ် ကို မည် ကဲ့ သို့ ကိုင်တွယ် မည် နည်း။

တဦး တယောက် အပေါ် ဖြစ် စေ၊ လူမျိုးစု တစု ပေါ် ဖြစ် စေ၊ အွန်လိုင်း ပေါ် တွင် ကျောင်း နှင့် ပတ် သက် ၍ လူမျိုး ရေး ခွဲခြားမှု အဖြစ် ကြုံတွေ့ ခဲ့ လျှင်၊ ကျောင်းသို့၊ အထက် ဖော်ပြ ပါ အတိုင်း တိုင်ကြားပါ။ အွန်လိုင်း ပေါ်တွင် လုံခြုံ စွာ နေ နိုင် ရန် Online safety (အွန်လိုင်း လုံခြုံမှု) eSafety Commissioner website (eSafety ကွန်မရှင်နာ ဝဘ် ဆိုက်) ကို ကြည့်ပါ။

## အကြောင်းအရာ ပို မိုသိလိုလျှင် ဘယ် မှာ ရ နိုင် မည် နည်း။

အကြောင်း အရာ ပို မို သိ လို လျှင် Anti-racism education (လူမျိုး ရေး ခွဲခြားမှု ဆန့်ကျင်ရေး ပညာပေး) ဝဘ်ဆိုက် သို့ သွား ရောက် လေ့လာ နိုင် သည်။

## စကားပြန် အကူ အညီ

သင့် အနေဖြင့် ကျောင်း သို့မဟုတ် ကျောင်း မှ ဝန်ထမ်း တဦးဦး ကို အဆက်အသွယ် ပြုလုပ် ရန် စကား ပြန် လို အပ် ခဲ့ လျှင်၊ ဘာသာပြန် ဌါန ဖြစ်သည့် 131 450 ကို ဆက်သွယ် ၍ မြန်မာ ဘာသာ စကားပြန် လို အပ် ကြောင်း တောင်း ဆို ပါ။

အော်ပရေတာ ကို ကျောင်း ဖုံးနံပါတ် ပေး လျှင်၊ အော်ပရေတာ က ကျောင်း ကို ခေါ် ၍ သင့် အား ကူညီ စကား ပြော ပေး ရန် မြန်မာ စကား ပြန် ကို ခေါ်ပေးမည်။

ကျောင်းဝန်ထမ်း များ နှင့် တွေ့ ဆုံ ချိန် အတွင်း စကားပြန် လို အပ် ပါ က၊ စကားပြန် ရရှိ နိုင် ရန် ကျောင်း ကို စီစဉ် ခိုင်းပါ။ ကျောင်း က အဆင် ပြေလျှင် ပြေ သလို၊ စကား ပြန် တဦး ကို သော် ၄င်း၊ ဖုံးဖြင့် တဆင့် သော် ၄င်း၊ စီစဉ်ပေး မည်။ စကားပြန် ဝန်ဆောင် မှု ကို အသုံး ချ ခြင်း အတွက် အခ အကြေး ပေး ရန် မလို ပါ။